ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ
ကုလသမဂ္ဂကော်မတီ

# အထွေထွေမှတ်ချက် နံပါတ် ၂၆

အပေါ်

# ရာသီဥတုပြောင်းလဲမှုအပေါ်အထူးအာရုံစိုက်မှုတစ်ခုနှင့်အတူ ကလေးများ၏ အခွင့်အရေးနှင့် ပတ်ဝန်းကျင်



## ကလေးများအတွက်ဗားရှင်း

၂၀၂၃



ကလေးသူငယ်များ၏အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂသဘောတူညီချက်သည် ကလေးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံများက ကတိပြုထားသည့် အရေးကြီးသော သဘောတူညီချက်တစ်ခု ဖြစ်သည်။ ၎င်းသဘောတူညီချက်၌ ကလေးဆိုတာ ဘယ်သူတွေလဲ၊ သူတို့၏ အခွင့်အရေးများအားလုံး နှင့်ကလေးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ မြှင့်တင်ရန်နှင့် ဖြည့်ဆည်းပေးရန် အစိုးရများ၏ တာဝန်များအားလုံးကို ရှင်းပြထားသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီသည် ကမ္ဘာတစ်ဝန်းမှလာသော ကလေးများ၏ အခွင့်အရေးများတွင် ကျွမ်းကျင်သူ (၁၈)ဦး ပါဝင်သည့်အဖွဲ့တစ်ခုဖြစ်သည်။ ကော်မတီသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံတိုင်းတွင် ကလေးများ၏ အခွင့်အရေးများကို မည်သို့မြှင့်တင်ကာ ကာကွယ်စောင့်ရှောက်ပေးနေကြောင်း ဆွေးနွေးရန် တစ်နှစ်လျှင် သုံးကြိမ် တွေ့ဆုံကြသည်။ ထို့အပြင် ကော်မတီသည် နိုင်ငံတိုင်းအနေဖြင့် ကလေးများ၏အခွင့်အရေးများကို မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် ပြုလုပ်သင့်ကြောင့် အကြံပြုချက်များ ပေးသည်။

ကော်မတီက ကလေးများ၏အခွင့်အရေးများသည် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု နှင့် မည်ကဲ့သို့ ဆက်စပ်နေကြောင်း နှင့် သူတို့ကို ကာကွယ်စောင့်ရှောက်ရန် အစိုးရများ ဘာလုပ်ရမည်ကို အစိုးရများ အား ရှင်းပြထားသော အထွေထွေမှတ်ချက် ဟုခေါ်သော စာရွက်စာတမ်းတစ်ခုကို ရေးသားခဲ့သည်။ အထွေထွေမှတ်ချက် နံပါတ် ၂၆ အတွက် ကလေးအကြံပေးအဖွဲ့ဝင်များနှင့်အတူ ကလေးများအတွက် ဖန်တီးထားသော အထွေထွေမှတ်ချက်ဗားရှင်းတစ်ခုကို ယခုသင်ဖတ်ရှုနေပါသည်။

## မိတ်ဆက်ခြင်း

ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုသည် ကမ္ဘာအနှံ့ကလေးများ၏အခွင့်အရေးများကို သိသာထင်ရှားသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်စေသည်။ ကလေးများသည် ချက်ချင်း အရေးယူဆောင်ရွက်ရန် တောင်းဆိုနေကြ ပြီး သူတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရမည်။ ကျန်းမာ၊ သန့်ရှင်းပြီး တည်တံ့မြဲမြံသည့် ပတ်ဝန်းကျင်တစ်ခုသည် လူ့အခွင့်အရေးတစ်ခုဖြစ်ရုံမျှမက ကလေးများသည် သူတို့၏အခွင့်အရေးများကို ခံစားရန် လိုအပ်သည်။ ဤအထွေထွေမှတ်ချက်က ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ အရေးတကြီး လုပ်ဆောင်မှုများ အဘယ်ကြောင့် လိုအပ်ကြောင်း နှင့် အစိုးရများအနေဖြင့် ကလေးများတွင်ရှိသော အခွင့်အရေးများအားလုံးကို ကာကွယ်စောင့်ရှောက်ရန် ဘာလုပ်ရမည်ကို ရှင်းပြထားသည်။ ထို့အပြင် အစိုးရများသည် ယနေ့ကလေးများသာမက အနာဂတ်ကလေးများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းစွာဖော်ပြသည်။

ကလေးများ၏ ပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများအတွက် ရပ်တည်ရန် သူတို့၏ကြိုးပမ်းမှုများက ဤ အထွေထွေမှတ်ချက်ကို ဖန်တီးရန် ကော်မတီကို လှုံ့ဆော်ပေးခဲ့သည်။ ကလေးများသည် ဤအထွေထွေ မှတ်ချက်ကို ပုံသွင်းရာတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ နိုင်ငံပေါင်း (၁၂၁)နိုင်ငံ မှ ကလေး (၁၆,၃၃၃)ဦးသည် အထွေထွေမှတ်ချက် နံပါတ် ၂၆ အတွက် ကလေးအကြံပေးအဖွဲ့ဝင်များနှင့် ဒီဇိုင်းရေးဆွဲထားသော ဆွေးနွေးတိုင်ပင်မှုများတွင် သူတို့၏အမြင်များနှင့် စိတ်ကူးများကို ဝေမျှခဲ့ကြသည်။ အထွေထွေမှတ်ချက်ရှိ ကလေးများ၏ ကိုးကားချက်များသည် ဆွေးနွေးတိုင်ပင်မှုများမှ ရရှိထားသော အကြောင်းအရာများဖြစ်သည်။

“ကျွန်တော်တို့ဟာ အနာဂတ်လူမျိုးဆက်တွေဖြစ်ပြီး သင်တို့က ကမ္ဘာဂြိုဟ်ကို ဖျက်ဆီးမယ်ဆိုရင် ကျွန်တော်တို့ ဘယ်မှာနေရမလဲဆိုတာ သူတို့ [လူကြီးတွေ]ကို ကျွန်တော် ပြောချင်ပါတယ်။”

(ယောကျာ်းလေး၊ အသက် ၁၃ နှစ်၊ အိန္ဒိယ)

အထွေထွေမှတ်ချက်ရှိ ကလေးများ၏ ကိုးကားချက်များနှင့်အတူ ကလေးများအတွက် သက်ဝင်လှုပ်ရှား ဗီဒီယိုနှင့် ပိုစတာဗားရှင်း ဗီဒီယိုတစ်ခုကို ၌ တွေ့နိုင်ပါသည်။

childrightsenvironment.org

# ကလေးများ၏အခွင့်အရေးများက ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု နှင့် ဘယ်လို ဆက်စပ်နေသလဲ။

ကလေးများ၏အခွင့်အရေးအားလုံးသည် ချိတ်ဆက်လျက်ရှိပြီး ညီတူညီမျှ အရေးပါသည်။ ပတ်ဝန်းကျင် ဆိုင်ရာထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့က အချို့အခွင့်အရေးများကို အထူးခြိမ်းခြောက်လျက် ရှိသည်။ အချို့သော အခွင့်အရေးများသည် သူတို့၏ပညာရေးသင်ယူခွင့်ကဲ့သို့သော ကလေးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ကူညီရာတွင်လည်း အရေးကြီးသော အခန်းကဏ္ဍ တစ်ခုအဖြစ် ပါဝင်သည်။




## အပိုဒ် ၂။ ခွဲခြားဆက်ဆံမှုမရှိသည့်အခွင့်အရေး



သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသည် အချို့သောကလေးအုပ်စုများ (အထူးသဖြင့် ဌာနေတိုင်းရင်းသားကလေးများ၊ လူနည်းစုအုပ်စုများ ၏ကလေးများ၊ မသန်စွမ်းကလေးများ နှင့် ဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပိုမိုထိခိုက်ခံရသောနေရာများတွင်နေထိုင် သောကလေးများ) အတွက် ပို၍ကြီးမားသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်နိုင်သည်။ အစိုးရများသည် အုပ်စုများစပ်ကြား မညီမျှမှုများ အကြောင်း ပိုမိုသိရှိရန် အချက်အလက်များကောက်ယူခြင်း နှင့် ယင်းတို့ကိုဖြေရှင်းရန် သတ်သတ်မှတ်မှတ်လုပ်ဆောင်မှုများ ပြုလုပ်ရန် လိုအပ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို အစိုးရများက အရေးယူဆောင်ရွက်သည့်အခါ ကလေးများအပေါ် အပျက်သဘောသက်ရောက်မှု မရှိစေရန် အထူးဂရုစိုက်ရမည်။



## အပိုဒ် (၃)။ ကလေးအတွက်အကောင်းဆုံးအကျိုးဖြစ်ထွန်းမှု

ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချသည့်အခါ အစိုးရများသည် ယနေ့နှင့် အနာဂတ်တွင် ကလေးများအပေါ် မည်ကဲ့သို့ အကျိုး သက်ရောက်မည် နှင့် ကလေးများ၏ ကောင်းကျိုးသုခနှင့် ဖွံ့ဖြိုးမှုအတွက် မည်ကဲ့သို့ ပံ့ပိုးပေးနိုင်မည်ကို စဉ်းစားသုံးသပ်ရမည်။

## အပိုဒ် (၆)။ အသက်ရှင်သန်မှု၊ နေထိုင်ရည်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု

ကလေးများသည် ကျန်းမာပြီး လုံခြုံသည့် ပတ်ဝန်းကျင်များ၌ နေထိုင်၊ ကြီးပြင်း၊ ဖွံ့ဖြိုးသင့်ပြီး သူတို့လိုအပ်သော ပံ့ပိုးမှု ရရှိသင့်သည်။ လေထုညစ်ညမ်းမှု သို့မဟုတ် ခဲထိတွေ့ခြင်းကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုကြောင့် သူတို့၏အသက်ကို ဘယ်တော့မှ အန္တရာယ်မရှိသင့်ပါ။



## အပိုဒ် (၁၂)။ ကလေးများ၏ထင်မြင်ယူဆချက်များကို နားထောင်ခြင်း

ကလေးများကို လူကြီးများက အလေးအနက်ထားသင့်ပြီး ကလေးများ၌ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သော ကိစ္စရပ်များနှင့် ပတ်သက်၍ ပြောစရာရှိနိုင်သည်။ ကလေးများတွင် ပတ်ဝန်းကျင်နှင့်ပတ်သက်၍ အရေးပါသောစိတ်ကူးများနှင့် ထင်မြင်ယူဆချက်များ ရှိသည်။ အစိုးရများက ကလေးများကို ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ၌ ပါဝင်စေသင့်ပြီး သူတို့ရဲ့အမြင်များကို ဘယ်လို ထည့်သွင်းစဉ်းစားတယ်ဆိုတာနဲ့ပတ်သက်ပြီး ကလေးများကို ပြန်လည် ပြောပြသင့်ပါတယ်။

## အပိုဒ် (၁၃)၊ (၁၅)။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်



ကလေးများသည် လူ့အခွင့်အရေးကာကွယ်သူများအဖြစ် သူတို့၏ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ အတွက် ရည်တည်လေ့ရှိသည်။ ကလေးများသည် သတင်းအချက်အလက်နှင့် စိတ်ကူးများကို ဖလှယ် သည့် မိတ်ဆွေများနှင့် အဖွဲ့များဖြင့် အချိန်ကုန်ဆုံးကြသည်။ အစိုးရများသည် ကလေးများအား လုံခြုံမှုရှိစေပြီး စွမ်းရည်မြှင့်တင်ပေးသော နေရာများပံ့ပိုးပေးခြင်းဖြင့် သူတို့ကိုယ်တိုင် ထုတ်ဖော် ပြောဆိုရန် ထောက်ပံ့ပေးသင့်သည်။ အစိုးရများသည် ကလေး လူ့အခွင့်အရေးကာကွယ်သူများကို ကာကွယ်စောင့်ရှောက်ရန် ဥပဒေများကို ချမှတ်သင့်သည်။



## အပိုဒ် (၁၃)၊ (၁၇)။ သတင်းအချက်အလက်များ လက်လှမ်းမီရရှိမှု

အစိုးရများသည် ကလေးတွေအနေဖြင့် အစီအစဉ်များ၊ ချမှတ်လိုက်သည့်ဆုံးဖြတ်ချက်များ၊ ကလေးများကိုယ်တိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများနှင့် ပတ်သက်သည့်သတင်းအချက် အလက်များအပါအဝင် ရှင်းလင်း၊ တိကျသော ပတ်ဝန်းကျင်၊ ရာသီဥတုနှင့်ပတ်သက်သည့် အကြောင်းအရာများကို လက်လှမ်းမီရရှိရန် သေချာစေသင့်သည်။ အသက်အရွယ်အမျိုးမျိုး နှင့် နောက်ခံအမျိုးမျိုးမှလာသည့် ကလေးများအားလုံး နားလည်နိုင်ဖို့ သတင်းအချက်အလက်တွေကို နည်းအမျိုးမျိုးနှင့် ဝေမျှသင့်သည်။

## အပိုဒ် (၁၉)။ အကြမ်းဖက်မှုပုံစံအားလုံးမှ လွတ်မြောက်ခွင့်

ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် မတည်ငြိမ်သောအခြေအနေများ၊ ပဋိပက္ခများနှင့် မညီမျှမှုများ ဖြစ်ပေါ်စေနိုင်ပြီး ကလေးများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ် ပိုများစေနိုင်သည်။  အစိုးရများသည် ကလေးများအတွက် ရည်ရွယ်ထားသော ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် အကြမ်းဖက်မှု၏ အခြေခံအကြောင်းရင်းများကို ဖြေရှင်းရန် ကြိုးစားခြင်းဖြင့် ကလေးများကို ကာကွယ်စောင့်ရှောက်ရန် ပို၍ကြိုးစားအားထုတ်သင့်သည်။



## အပိုဒ် (၂၄)။ ကျန်းမာရေးအခွင့်အရေး

ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးသည် ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကျန်းမာရေးကောင်းမွန်မှုမရှိသည့်ဂေဟစနစ်များနှင့် ဇီဝမျိုးစိတ်များဆုံးရှုံးမှုတို့ကြောင့် ထိခိုက်မှုမရှိသင့်ပါ။ ကလေးတစ်ဦးသည် ကျန်းမာရေးပြဿနာများကို ကြုံတွေ့ရပါက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးမှုကို ရရှိနိုင်ရမည် ဖြစ်သည်။



## အပိုဒ် (၂၆)၊ (၂၇)၊ လူမှုဖူလုံရေးနှင့် လက်ခံနိုင်သည့် လူနေမှုအဆင့်အတန်း

ကလေးများသည် အသက်ရှင်သန်၊ နေထိုင်ကြီးထွားရန် သူတို့အတွက်လိုအပ်သည့် ဘေးကင်းသောအစားအစာ၊ သန့်ရှင်းသောရေနှင့် လက်ခံနိုင်သည့်နေစရာအိမ်နှင့် ပစ္စည်းများကို ရရှိနိုင်သင့်သည်။ အစိုးရများအနေဖြင့် ကလေးများသည် ဆင်းရဲမွဲတေမှု သို့မဟုတ် မလုံခြုံသည့်အခြေအနေများ၌ နေထိုင်ရခြင်း မရှိစေရေး သေချာစေရန် လိုအပ်သည်။

## အပိုဒ် (၂၈)၊ (၂၉)။ ပညာသင်ကြားခွင့်




ကလေးများကို တိကျမှန်ကန်ပြီး သူတို့နားလည်နိုင်သည့်နည်းလမ်းများဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးများကို မျှဝေပေးသင့်သည်။ ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးများသည် ကလေးများကို ပတ်ဝန်းကျင်နှင့် ချိတ်ဆက်မှုရှိပြီး လေးစားမှုရှိစေရန် ပံ့ပိုးပေးသင့်သည်။ ကလေးများသင်ယူသည့်နေရာများသည် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများမှ လုံခြုံမှုရှိသင့်သည်။

## အပိုဒ် (၃၀)။ ဌာနေတိုင်းရင်းသားကလေးများနှင့် လူနည်းစုအုပ်စုများ၏ ကလေးများ၏ အခွင့်အရေးများ

ဌာနေတိုင်းရင်းသားကလေးများနှင့် လူနည်းစုအုပ်စုများ၏ ကလေးများ၏ ဘဝများ၊ အသက်ရှင်သန်မှုနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများသည် သူတို့၏သဘာဝပတ်ဝန်းကျင်နှင့် အလွန်ဆက်စပ်လေ့ရှိသည်။ အစိုးရများသည် သူတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးရေးနှင့် သူတို့၏ပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်များအားလုံးတွင် ကလေးများပါဝင်ရေး သေချာစေသင့်သည်။

## အပိုဒ် (၃၁)။ အနားယူအပန်းဖြေခြင်း နှင့် ဆော့ကစားခွင့်

ကလေးများသည် သန့်ရှင်းသော၊ လုံခြုံသောနေရာများတွင် ကစားနိုင်ပြီး တက်ကြွစွာ လုပ်ဆောင် နိုင်သင့်သည့်အပြင် ကျွန်ုပ်တို့၏သဘာဝလောကနှင့် ဆက်သွယ်နိုင်သင့်သည်။ အစိုးရများသည် ရပ်ကွက်အသစ်များ သို့မဟုတ် ကလေးများလည်ပတ်နိုင်မည့်နေရာ အသစ်များအတွက် အစီအစဉ်များ ချမှတ်သည့်အခါ ကလေးများသည် မည်သည့်နေရာ၌ မည်ကဲ့သို့အနားယူနိုင်ကြောင်း စဉ်းစားရန် လိုအပ်သည်။



## ကျန်းမာ၊ သန့်ရှင်းပြီး တည်တံ့မြဲမြံသည့် ပတ်ဝန်းကျင်တစ်ခုရရှိရမည့် အခွင့်အရေး

ကလေးများသည် ကျန်းမာ၊ သန့်ရှင်းပြီး တည်တံ့မြဲမြံသည့် ပတ်ဝန်းကျင်တစ်ခုရရှိရမည့် အခွင့်အရေးရှိသည်ဟု ကော်မတီက ရှင်းပြထားသည်။ သူတို့၏ လူ့အခွင့်အရေးများအားလုံးကို ပျော်မွေ့နိုင်ရန် ကလေးများသည် သန့်ရှင်းသောပတ်ဝန်းကျင်တစ်ခု လိုအပ်သည်။ ကလေးများတွင် သန့်ရှင်းသောလေနှင့်ရေ၊ ဘေးကင်းသောရာသီဥတုများ၊ ကျန်းမာရေးကောင်းသောဂေဟစနစ်များ နှင့် ဇီဝမျိုးစိတ်များ၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာနှင့် ညစ်ညမ်းမှုမရှိသောပတ်ဝန်းကျင်များကို ရရှိသင့်သည်။

# ကျန်းမာ၊ သန့်ရှင်းပြီး တည်တံ့မြဲမြံသည့် ပတ်ဝန်းကျင်တစ်ခုရရှိရမည့် အခွင့်အရေးအပါအဝင် ကလေးများ၏အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရန် အစိုးရများက ဘာလုပ်ဖို့ လိုအပ်မလဲ။




- ကျန်းမာ၊ သန့်ရှင်းပြီး တည်တံ့မြဲမြံသည့် ပတ်ဝန်းကျင် တစ်ခု၌ ကလေးတိုင်း ကြီးပြင်းလာရေး သေချာစေရန် ခိုင်မာပြီး ရှင်းလင်းတိကျသောအဆင့်များနှင့် ကတိများကို စောင့်ထိန်းခြင်းဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို လေးစားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်း

- အသက်အရွယ်အမျိုးမျိုးနှင့် နောက်ခံအမျိုးမျိုးရှိသည့်ကလေးများ မည်ကဲ့သို့ မတူကွဲပြားစွာအကျိုးသက်ရောက်နိုင်မလဲဆိုတာကို အထူး အာရုံစိုက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့်ပတ်သက်သော သူတို့၏ ဆုံးဖြတ်ချက်များက ကလေးများအပေါ် မည်ကဲ့သို့အကျိုး သက်ရောက်မလဲ (သို့မဟုတ် အကျိုးသက်ရောက်နေလဲ) ဆိုတာကို နားလည်ရန် (နှင့် ဖြေရှင်းရန်) ပုံမှန် ကလေးအခွင့်အရေးများဆိုင်ရာဆန်းစစ်မှုများ ကို လုပ်ဆောင်ပါ။

- ကုမ္ပဏီများက ပတ်ဝန်းကျင်ကိုညစ်ညမ်းစေခြင်း နှင့် ကလေးများကိုထိခိုက်စေခြင်းမှ တားဆီးရန် ဥပဒေများ၊ စည်းမျဉ်းများ နှင့် မူဝါဒများ ဖန်တီးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည်လည်း ကလေးများ၏ အခွင့်အရေးများကို လေးစားကြောင်း သေချာစေပါ။ စီးပွားရေးလုပ်ငန်းများသည် သူတို့၏ပတ်ဝန်းကျင်ဆိုင်ရာအကျိုး သက်ရောက်မှုကို ဖုံးကွယ်ထားခြင်း မရှိကြောင်း သေချာစေပါ။

- ကလေးများကို တရားမျှတမှုရရှိရန် ထောက်ပံ့ပေးထားကြောင်း သေချာစေပါ။ နိုင်ငံအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတကာအဆင့်များ၌ သူတို့ကြုံတွေ့နေရသည့် ထိခိုက်မှုနှင့် အကျိုးဆက်များအတွက် ဖြေရှင်းချက်များ၊ ထောက်ပံ့မှုများနှင့် လျော်ကြေးများကို ဆိုလိုခြင်းဖြစ်သည်။

- ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများသည် နိုင်ငံတစ်ခု၏ နယ်နိမိတ်တွင် မ ရပ်တန့်သွားသဖြင့် အခြားအစိုးရများနှင့် နိုင်ငံတကာတွင် ပူးပေါင်း ဆောင်ရွက်ပါ။ ပတ်ဝန်းကျင်ကို အပျက်သဘောသက်ရောက်မှုအတွက် တာဝန်အရှိဆုံးနိုင်ငံများနှင့် အရင်းအမြစ်အများဆုံးရှိသည့် နိုင်ငံများသည် အခြားနိုင်ငံများထက် ပိုမိုအရေးယူဆောင်ရွက်သင့်ပြီး အကျိုးသက်ရောက်မှုအခံရဆုံးသောနိုင်ငံများကို ထောက်ပံ့ပေးသင့် သည်။

"ကမ္ဘာကြီးပူနွေးလာမှုနှင့်အခြားပြဿနာများသည် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းပါဝင်မှုမရှိပါကဖြေရှင်းနိုင်မည်မဟုတ်ပါ။"

(မိန်းကလေး၊ ၁၁၊ တရုတ်)



အစိုးရများက ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်ပြီး ချမှတ်သည့်ဆုံးဖြတ်ချက်များအားလုံး၌ ကလေးများ၏အခွင့်အရေးများ နှင့် ကလေးများနှင့်ပတ်သက်ပြီး ချမှတ်သည့်ဆုံးဖြတ်ချက်များအားလုံး၌ ရာသီဥတုပြောင်းလဲမှုကို စဉ်းစားသင့်သည်။

**သူတို့က အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။**

- ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့နည်း စေပါ - ကမ္ဘာကြီးပူနွေးလာမှုကို ကန့်သတ်ပေးရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်ပြီး သိပ္ပံပညာရှင်များက ကျွန်ုပ်တို့ကို ပြောပြနေသည့်အကြောင်းအရာများကို လိုက်နာရန်နှင့် အရေးတကြီးလုပ်ဆောင်ရန် သူတို့၏ ကတိများကို စောင့်ထိန်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။

- အလိုက်သင့်ပြုပြင်ပြောင်းလဲရေး အစီအစဉ်များချမှတ်ခြင်း၊ ဆုံးဖြတ်ချက်များနှင့် ဖြေရှင်းချက်များနှင့် ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကို တွေ့ကြုံနေရပြီးသား ကလေးများကို ကာကွယ်စောင့်ရှောက် ခြင်းတို့တွင် ကလေးများပါဝင်စေပါ။ ၎င်း၌ မုန်တိုင်းများ၊ ရေကြီးခြင်း နှင့် အခြား ရာသီဥတုအစွန်းရောက်မှု များကို ခံနိုင်သော ကျောင်းအဆောက်အဦးများ နှင့် ရေပိုက်များကို ခိုင်ခံ့စေခြင်းနှင့် အရေးပေါ်ကိစ္စများ တွင် အစားအစာထောက်ပံ့မှုများပေးခြင်းတို့ ပါဝင်သည်။

- ကလေးများ၏အခွင့်အရေးများအပေါ် သက်ရောက်စေသော ဆုံးရှုံးမှုများနှင့် ပျက်စီးမှုများကို ကြုံတွေ့ခံစားနေရသည့်နိုင်ငံများအား ငွေကြေး နှင့် နည်းပညာဆိုင်ရာ အကူအညီများကို ထောက်ပံ့ပေးပါ။

- နိုင်ငံတစ်နိုင်ငံထက်ပိုသော ကမ္ဘာလုံးဆိုင်ရာစီးပွားရေးလုပ်ငန်းများ အပါအဝင်၊ စီးပွားရေးလုပ်ငန်းများ သည် သူတို့၏ ထုတ်လွှတ်မှုများကို လျင်မြန်စွာ လျှော့ချရန် နှင့် အစားထိုးနိုင်သောစွမ်းအင်များကို အားပေးခြင်းဖြင့် ကလေးများ၏ အခွင့်အရေးများကို အပျက်သဘော သက်ရောက်မှု မရှိကြောင်း သေချာစေပါ။

- ရာသီဥတုဆိုင်ရာဘဏ္ဍာရေးများသည် ကလေးများ၏ အခွင့်အရေးများကို ချိုးဖောက်နိုင်သောလုပ်ရှားမှုကို ပံ့ပိုးမှုမရှိကြောင်း သေချာစေပါ။

> "လူကြီးတွေဟာ သူတို့မကြုံတွေ့နိုင်တော့တဲ့အနာဂတ်အတွက် ဆုံးဖြတ်ချက်တွေ မချ[သင့်]ပါဘူး။ [ငါတို့ရဲ့]ဘဝတွေက အန္တရာယ်ရှိတဲ့အတွက် ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းဖို့ [ငါတို့]က အဓိက နည်းလမ်းတွေပဲ ဖြစ်တယ်။"
>
> (မိန်းကလေး၊ အသက် ၁၇ နှစ်၊ ခရိုအေးရှား)

General Comment

Child rights, environment and climate change



Terre des Hommes International Federation

Children's Environmental Rights Initiative